**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၈၆/၂၀၁၇)

| | |
|---|---|
| ဦးစိုးနိုင် (MD)၊ အမှတ်(၄)၊<br>ရွှေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံ၊<br>မင်းကြီးလမ်းနှင့်ဘူတာရုံလမ်းထောင့်၊<br>ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ငြိမ်းငြိမ်းမြတ် (အလုပ်သမား)<br>အမှတ်(၃၀၄)၊ အရှေ့ဝန်ကျွန်းသာ (၃)လမ်း၊<br>အမှတ်(၁)ရပ်ကွက်၊ ပုသိမ်မြို့၊<br>ဧရာဝတီတိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

**ဆုံးဖြတ်ချက်**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်းကြီးလမ်းရှိ ရွှေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံ၊ ဦးစိုးနိုင်(MD)နှင့် ဒေါ်ငြိမ်းငြိမ်းမြတ်(အရောင်းဝန်ထမ်း) တို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို ပုသိမ်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်ငြိမ်းငြိမ်းမြတ်မှ တောင်းဆိုခြင်းခံရသူ ဦးစိုးနိုင် (MD) ထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးနှင့် လုပ်ခကျန်ငွေရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရော၀တီတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဦးစိုးနိုင် (MD)မှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်ငြိမ်းငြိမ်းမြတ် (အရောင်း၀န်ထမ်း)အား အလုပ်ထုတ်ခြင်းကိစ္စနှင့်ပတ်သက်၍ တရားသဖြင့် အလုပ်ထုတ်/မထုတ်၊ အလုပ်ထုတ်နစ်နာကြေးပေးရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အရောင်းစာရေး၀န်ထမ်း ဒေါ်ငြိမ်းငြိမ်းမြတ်အား အလုပ်ထုတ်နစ်နာကြေးအဖြစ် နို့တစ်ကြေး (၁)လစာနှင့် အလုပ်ထုတ်နစ်နာကြေး(၁)လခွဲစာ၊ (၁-၁၁-၂၀၁၇) ရက်နေ့မှ (၂၁-၁၁-၂၀၁၇) ရက်နေ့အထိ လုပ်ခလစာကျန်ငွေတို့အား နောက်ဆုံးထုတ်လစာ ၁၂၀၀၀၀ိ/-နှင့် သန့်ရှင်းရေးလုပ်ခလစာ ၄၀၀၀ိ/-၊ စုစုပေါင်း ၁၂၄၀၀၀ိ/-ဖြင့် ဦးစိုးနိုင် (MD)မှ အောက်ပါဇယားအတိုင်းခံစားခွင့်ပေးရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | လုပ်သက် | နို့တစ်ကြေး(၁)လစာ | အလုပ်ထုတ်နစ်နာကြေး (၁)လစာခွဲစာ | လုပ်ခကျန်ငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | ဒေါ်ငြိမ်းငြိမ်းမြတ် | ၂ နှစ် ၅ လ | အခြေခံလစာ ၁၂၀၀၀၀ိ/-+ သန့်ရှင်းရေးလစာ ၄၀၀၀ိ/- ၊စုစုပေါင်း ၁၂၄၀၀၀ိ/-၊ (ကျပ်တစ်သိန်းနှစ်သောင်းလေးထောင် တိတိ/-) | ၁၈၆၀၀၀ိ/- (ကျပ်တစ်သိန်းရှစ်သောင်းခြောက်ထောင်တိတိ/-) | (၂၁)ရက်စာ ၈၆၈၀၀ိ/- (ကျပ်ရှစ်သောင်းခြောက်ထောင်ရှစ်ရာတိတိ/-) | ၃၉၆၈၀၀ိ/- (ကျပ်သုံးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာတိတိ/-) |

၄။ ရော၀တီတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၁၇)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင် ဦးစိုးနိုင်(MD)မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားခဲ့ရာ အလုပ်သမား၊ လူ၀င်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၈၆/၂၀၁၇) အား ကြားနာ

စစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးတင်ထွန်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ အလုပ်သမား၏ ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်ငြိမ်းငြိမ်းမြတ် (အရောင်းဝန်ထမ်း)အား အလုပ်ထုတ်ခြင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ၊ အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ရှိ/မရှိ။

<u>စစ်ဆေးချက်</u>

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်ရှင် ဦးစိုးနိုင်နှင့် အလုပ်သမား ဒေါ်ငြိမ်းငြိမ်းမြတ် (၂) ဦးတို့ကို အငြင်းပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ထိတွေ့စစ်ဆေးမေးမြန်းရန်အတွက် (၂၆-၁၂-၂၀၁၇) ရက်နေ့တွင် ရုံးသို့ခေါ်ယူစစ်ဆေးခဲ့ပါသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့တို့အသီးသီးတွင် ထွက်ဆိုချက်များ၊ စစ်ဆေးချက်များနှင့် အခြားသောသက်သေစာရွက်စာတမ်းများကို အခြေပြု၍ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးစလုံးတို့ကို မျက်မြင်စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

၇။ အလုပ်ရှင် ဦးစိုးနိုင်(MD)၏ ထွက်ဆိုချက်အရ ဤအငြင်းပွားမှုဖြစ်စဉ်သည် အမှန်တကယ်ဖြစ်ခဲ့ပြီး အလုပ်သမား ဒေါ်ငြိမ်းငြိမ်းမြတ်အား အလုပ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းခွင်တွင် ဒေါ်ငြိမ်းငြိမ်းမြတ်၊ ဒေါ်စိုးစန္ဒာထွန်း၊ ဒေါ်မို့မို့သွင်တို့ (၃)ဦးသည် ရွှေပြည်တော်ရုပ်ရှင်ရုံတွင်းဖွင့်လှစ်ထားရှိသော မုန့်မျိုးစုံနှင့် အဖျော်ရည်မျိုးစုံ အရောင်းဆိုင်တွင် အလှည့်ကျ(တစ်ပတ်စီ)တာဝန်ယူဆောင်ရွက်ခဲ့ရပြီး မိမိအနေဖြင့် မတရားအလုပ်ထုတ်ခဲ့ခြင်းမဟုတ်ကြောင်း၊ စားသုံးသူ(၃)ဦးတို့မှ ဖော်ပြပါဆိုင်တွင် ရောင်းချလျက်ရှိသော ဖျော်ရည်နှင့်မုန့်များကို ဈေးပိုမိုတင်ရောင်းချကြောင်း တိုင်ကြားခဲ့သည်ဖြစ်၍ မိမိ၏ညွှန်ကြားထားသည်ကို ၎င်းတို့မှ လိုက်နာခြင်းမရှိ၍ အရေးယူဆောင်ရွက်ခဲ့ရကြောင်း၊ ယခင်အကြိမ်များကလည်း လုပ်ငန်းခွင်အတွင်း အိပ်ပျော်နေ၍ သတိပေးခဲ့ရဖူးကြောင်းနှင့် ဈေးပိုတင်ရောင်းသည်ကို သတိပေးခဲ့ရသည်မှာ (၂)ကြိမ်ခန့်ရှိပြီဖြစ်ပါကြောင်း၊ ယခုအကြိမ်တွင် မိမိအနေဖြင့် စည်းကမ်းပိုင်းကိုလိုက်နာမှုမရှိ၍ အလုပ်မှထုတ်ပယ်ခဲ့ပါကြောင်း၊ ဒေါ်ငြိမ်းငြိမ်းမြတ်၏လစာ (၂၁)ရက်စာပေးရန်ကျန်ရှိနေပါကြောင်း၊ မိမိအနေဖြင့်

လုပ်ငန်းမှဆုံးရှုံးမှုမှာ (နေ့စဉ်ရောင်းရငွေအပ်နှံမှု ကျပ် ၃၃၀၀၀) ကွာခြားချက်ရှိ၍ မိမိအနေဖြင့် နစ်နာပါကြောင်း၊ မိမိ၏ဆုံးရှုံးမှုကိုလည်း လူကြီးမင်းများမှသိရှိစေလိုကြောင်း တင်ပြခဲ့ပါသည်။

၈။ ၎င်းအနေဖြင့် ရောဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာလိုသော်လည်း မိမိလုပ်ငန်းတွင်းရှိ အခြားမသမာသူလုပ်သားများမှ ယခုကဲ့သို့ဖြစ်စဉ်မျိုးကို ဖန်တီး၍သော်လည်းကောင်း၊ လျော်ကြေးရရှိရေးအတွက် မသမာသောအကြံလုပ်ရပ်များဖြင့် ဆောင်ရွက်လာနိုင်လိမ့်မည်ကို စိုးရိမ်၍ ယခုကဲ့သို့ ခုံသမာဓိကောင်စီထံသို့ ဆက်လက်တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်းဖြစ်ပါသည်။ ဥပဒေနှင့်အညီ သိရှိလိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

၉။ အလုပ်သမား ဒေါ်ငြိမ်းငြိမ်းမြတ်မှလည်း မိမိသည် အလုပ်ရှင် ဦးစိုးနိုင်ကိုတွေ့ဆုံ၍ ဖြစ်စဉ်ကို ရှင်းလင်းရန်ကြိုးစားခဲ့သော်လည်း တွေ့ဆုံခွင့်မရရှိ၍ ယခုကဲ့သို့ အငြင်းပွားမှုဖြစ်စဉ်ကို ခုံသမာဓိကောင်စီသို့ ၎င်း၏လျှောက်ထားချက်ကိုချေပရန် ရပ်ဝေး(ပုသိမ်)မှ လာရောက်ရသည်ဖြစ်၍ ငွေကြေးကုန်ကျမှုနှင့်အခက်အခဲကြုံတွေ့ရပါကြောင်း၊ မိမိသည် အလုပ်ရှင်ထံမှ လစာကျန်ငွေ ရရှိရေးနှင့် ဥပဒေနှင့်အညီရရှိမည့်ခံစားခွင့်များကို ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၁၀။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် နှစ်ဦးနှစ်ဖက်တို့၏ ထွက်ဆိုချက်များ၊ ရှင်းလင်းချက်များကို စစ်ဆေး၍ လေ့လာသုံးသပ်ခဲ့ရာတွင် အလုပ်ရှင်အနေဖြင့် အလုပ်သမားအပေါ် မတရားဖိနှိပ်ဆောင်ရွက်ခြင်းမရှိသော်လည်း အလုပ်သမားရေးရာနှင့်သက်ဆိုင်သည့် ဥပဒေပါခံစားခွင့်များကို လက်ဝယ်ထားရှိလေ့လာမှုမရှိခြင်း၊ နည်းလမ်းတကျနုတ်ဖြင့်သတိပေးခြင်း၊ စာဖြင့်မှတ်တမ်းတင်ခြင်းများကို စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် စနစ်တကျဆောင်ရွက်မှုအားနည်းခြင်း၊ အလုပ်ရှင်အနေဖြင့် မိမိ၏စည်းကမ်းချက်ကို ဖောက်ဖျက်သည့်ဝန်ထမ်းကို အရေးယူထုတ်ပယ်ခြင်းမပြုမီ လုံလောက်သော ချေပချက်ကို ခွင့်ပြုရန်နှင့် လက်အောက်ဝန်ထမ်းနှင့် တွေ့ဆုံရန်လိုအပ်ချက်ရှိခဲ့၍ ယခုကဲ့သို့ အငြင်းပွားမှုဖြစ်စဉ်သည် ကြီးမားကျယ်ပြန့်ခဲ့ရကြောင်း လေ့လာသုံးသပ်မိပါသည်။ အလုပ်ရှင်သည် အလုပ်သမား ဒေါ်ငြိမ်းငြိမ်းမြတ်ကို တွေ့ဆုံခဲ့ရပါက ပွင့်လင်းမြင်သာမှုရှိသော ဆောင်ရွက်ချက်များကို အလုပ်သမားကိုယ်တိုင်သိရှိရရုံမက၊ အလုပ်သမားအနေဖြင့်လည်း မိမိ၏ အမှားကို ပြုပြင်ဆောင်ရွက်သွားနိုင်မည်သာ ဖြစ်ပါသည်။ အလုပ်သမား ဒေါ်ငြိမ်းငြိမ်းမြတ် အနေဖြင့် မိမိ၏ အထက်အရာရှိ MD ၏ ညွှန်ကြားချက်ကို ဖောက်ဖျက်မိ၍ အရေးယူခြင်းခံရကြောင်းကို တိကျစွာသိရှိရပါက MD ၏ ခွင့်လွှတ်ခြင်း၊ ငဲ့ညှာခြင်းများကို ခံယူရရှိနိုင်ပြီး၊ ပြုပြင်ပါက လုပ်ငန်းခွင်အတွင်း လုပ်သားကောင်းတစ်ဦးဖြစ်လာနိုင်ဖွယ်ရှိပါသည်။ ယခုကဲ့သို့

MD ဦးစိုးနိုင်နှင့် မတွေ့ရဘဲ ကြားလူမှအလုပ်ထုတ်စာကို ရရှိခဲ့ရသဖြင့် မကျေနပ်မှုဖြစ်ပေါ်ခဲ့ပြီး၊ ယခုကဲ့သို့ အငြင်းပွားမှုဖြစ်စဉ်ကြီး ဖြစ်ခဲ့ရကြောင်း သုံးသပ်ပါသည်။ အလုပ်သမားအနေဖြင့် နို့တစ်တစ်စုံတစ်ရာမပေးဘဲ ယခုကဲ့သို့ အလုပ်ထုတ်လိုက်ခြင်းကြောင့် လူမှုရေးအရသော်လည်းကောင်း တွေ့ဆုံချေပခွင့်မရှိဘဲ နစ်နာခဲ့ရသည်ဖြစ်၍ လူမှုရေးတရားမျှတမှုကိုအခြေခံပြီး ဥပဒေနှင့်အညီ ခံစားခွင့်ရှိသည်များကို ခံစားခွင့်ပြုသင့်ကြောင်း သုံးသပ်ပါသည်။ အလုပ်ရှင်၏ နစ်နာမှုဖြစ်သည့် ဓနစဉ်ရောင်းရငွေကွာဟချက် (ကျပ် ၃၃၀၀၀) ကို ဒေါ်ငြိမ်းငြိမ်းမြတ်၊ ဒေါ်စိုးစန္ဒာထွန်း၊ ဒေါ်မို့မို့သွင် စသည့် တာဝန်ပေးထားသည့် ဝန်ထမ်း(၃)ဦးတို့ထံမှ သီးခြားအချိုးကျ စနစ်တကျ ပြန်လည်တောင်းခံရန် သင့်တော်သည်ဟု သုံးသပ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် မှားယွင်းမှုမရှိဘဲ ဥပဒေနှင့်အညီ စိစစ်ဆုံးဖြတ်ခဲ့သည်ဖြစ်၍ ပြင်ဆင်စွက်ဖက်ရန်အကြောင်းမရှိသဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(င)အရကျင့်သုံးလျက် အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဧရာဝတီတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၁၇) ၏ (၇-၁၂-၂၀၁၇) ရက်စွဲပါ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးတင်ထွန်း
အဖွဲ့ဝင်